သက္ကဝါတရားရှိပြီး လူတို့ထံမှ လိုလားတောင့်တမှုကင်းကာ
ထင်ပေါ်ခြင်းမရှိသည့် ကျေးကျွန်အား
အလ္လာဟ်အရှင်မြတ်သည် ဧကန်အမှန်ပင်
ချစ်မြတ်နိုးတော်မူ၏။
စအဒ်ဗင်န်အဗီဝကာဆ်ွ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ကျွန်တော်သည်
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ သက္ကဝါတရားရှိပြီး လူတို့ထံမှ လိုလားတောင့်တမှုကင်းကာ
ထင်ပေါ်ခြင်းမရှိသည့် ကျေးကျွန်အား အလ္လာဟ်အရှင်မြတ်သည် ဧကန်အမှန်ပင်
ချစ်မြတ်နိုးတော်မူ၏။
[صحيح] [رواه مسلم]
အချို့ကျေးကျွန်များကို အလ္လာဟ်အရှင်မြတ်က ချစ်မြတ်နိုးတော်မူကြောင်း
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်။ ၎င်းတို့မှာ (၁)
သက္ကဝါတရားရှိသူ - အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို လိုက်နာကာ
တားမြစ်ချက်များကို ရှောင်ကြဉ်သူ၊ (၂) လိုလားတောင့်တမှုကင်းသူ - လူတို့ထံမှ
လိုအပ်ချက်ကင်းကာ အလ္လာဟ်အရှင်မြတ်ဖြင့်သာ လုံလောက်ပြီး အရှင်မြတ်မှလွဲ၍
မည်သူ့အပေါ်မျှ အာရုံမထားသူ၊ (၃) ထင်ပေါ်ခြင်းမရှိသူ - ရိုကျိုးနှိမ့်ချသူ၊
မိမိအရှင်မြတ်ကို ခဝပ်ကိုးကွယ်သူ၊ မိမိအတွက် အကျိုးရှိသည့်အရာဖြင့်သာ
အချိန်ကုန်ဆုံးသူ၊ အခြားသူများက မိမိအားသိရှိကြရန်နှင့် မိမိအကြောင်း
ချီးမွမ်းပြောဆိုကြရန် အလေးမထားသူတို့ဖြစ်သည်။
https://www.sunnah.global/hadeeth/my/show/5545